မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

August 27 , 2025 | Volume 93, Number 19


၂၇. ၈.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၂.၈၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၉.၇၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၂.၄၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၈.၄၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၇ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## Air Cargo Services လုပ်ငန်းတချို့ ပြည်ပကုန်တင်သွင်းမှု ခေတ္တရပ်နား




ပြည်ပနိုင်ငံတွေကနေ မြန်မာနိုင်ငံကိုလေကြောင်းကနေ ကုန်စည်သယ်ယူပို့ဆောင်တဲ့ (Air Cargo) ဝန်ဆောင်မှုကို ခေတ္တရပ်နားထားကြတယ်လို့ Air Cargo Services လုပ်ငန်းအသိုင်းအဝိုင်းက သိရပါတယ်။

ပြည်ပနိုင်ငံတွေကနေ မြန်မာနိုင်ငံကို Air Cargo နဲ့ ကီလိုအများအပြားပို့ဆောင်တာကိုရပ်နားထားပြီး မြန်မာနိုင်ငံကနေ ပြည်ပကို ကုန်ပစ္စည်းတင်ပို့တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကတော့ ပုံမှန်အတိုင်းဆောင်ရွက်နေတယ်လို့ ထိုင်း-မြန်မာ Air Cargo Services တစ်ခုက တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

မြန်မာအစိုးရကလေကြောင်းကနေကုန်ပစ္စည်းတင်သွင်းတာကိုအခုလထဲမှာ ရပ်ဆိုင်းလိုက်တာကြောင့်အခုလိုဝန်ဆောင်မှုတွေကိုခေတ္တရပ်နားထားတာဖြစ်တယ်လို့ဆိုပါတယ်။

ပြည်ပကနေ မြန်မာကိုပို့တဲ့သွင်းကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီးပို့တဲ့ Customerတွေကိုကြန့်ကြာမှုဖြစ်ပေါ်နေတဲ့အပေါ် ပြန်လည်ဖြေရှင်းပေးရတဲ့ အခက်အခဲတွေရှိတယ်လို့ အမေရိကန်-မြန်မာ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းက တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

လက်ရှိမှာ စီးပွားရေးလုပ်ငန်းသုံး Commercial Cargo Flight တွေ ပိတ်ထားပြီး တစ်ကိုယ်ရည် လိုအပ်ချက်အတွက် သယ်ယူပို့ဆောင်ဖို့သာ ခွင့်ပြုထားတယ်လို့လည်း သိရပါတယ်။

စီးပွားရေးလုပ်ငန်းသုံး Commercial Cargo Flight တွေနဲ့ ကုန်စည်ပမာဏအများအပြား ပြန်လည်ပို့ဆောင်နိုင်မဲ့ အချိန်ကို ပြန်လည် ကြေညာပေးသွားမယ်လို့ ထိုင်း-မြန်မာ

ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတချို့က ထုတ်ပြန်ထားပါတယ်။

ပုံမှန်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ် ၂ ကို မြန်မာဘက်ခြမ်းက ယာယီပိတ်ထားပါတယ်။လက်ရှိမှာနယ်စပ်ကုန်သွယ်ရေးကနေထိုင်းကုန်စည်တင်သွင်းသူတွေအနေနဲ့ ပို့ကုန်ရငွေရှိမှသာ သွင်းကုန်လိုင်စင် ခွင့်ပြုနေပြီး တင်သွင်းလိုတဲ့ကုန်ပစ္စည်းအားလုံးအတွက် သွင်းကုန်လိုင်စင် လျှောက်ထားဖို့ လိုအပ်တယ်လို့ သိရပါတယ်။

Source : https://onenewstvchannel.com/

## ပဲကြော်ဈေးတက်သော်လည်း ရောင်းအားအတက်ဘက်ရှိနေ



မကွေးမြို့မှာ အသေးစား အလတ်စားလုပ်ငန်းတွေအနေနဲ့ ပဲကြော်ဖို လုပ်ငန်းတွေ လုပ်ကိုင်ကြပြီး လက်ရှိမှာ ကုန်ကြမ်းဖြစ်တဲ့ ပဲကြီးဈေးမြင့်တက်မှုကြောင့်ပဲကြော်ဈေးမြင့်တက်လာပေမဲ့ရောင်းအားက အတက်ဘက်မှာ ရှိနေတယ်လို့ မကွေးမြို့က ပဲကြော်လုပ်ငန်းရှင်တွေဆီက သိရပါတယ်။

ပဲကြော်ဈေးကွက်ဟာ သြဂုတ်လလယ်က စတင်ကာ ဈေးမြင့်တက်လာပြီး အရင်က ပဲကြော်တစ်ပိဿာကို အမြင့်ဆုံးဈေး ကျပ် တစ်သောင်း တစ်ထောင်သာရှိခဲ့ပြီး လက်ရှိမှာတော့ တစ်ပိဿာကို ကျပ်တစ်သောင်း သုံးထောင် ပေါက်ဈေးရှိနေတာပါ။

ပဲကြော်ဈေး မြင့်တက်လာတာဟာ အဓိက အသုံးပြုတဲ့ ကုန်ကြမ်းတွေဖြစ်တဲ့ စားအုန်းဆီနဲ့ ပဲကြီးဈေးကွက်ပေါ် မူတည်ပြီး ဈေးကွက်ကတော့ အတက်ဘက်မှာပဲ ရှိမယ်လို့ သုခကမ္ဘာပဲကြော်ဖို လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိမှာကုန်ကြမ်းဖြစ်တဲ့ ပဲကြီး ၁၉ ပိဿာဝင်တစ်အိတ်ကိုကျပ်တစ်သိန်းသုံးသောင်းခွဲဈေးရှိပြီးအရင်က ကျပ် ၈ သောင်းခွဲဈေးသာရှိခဲ့တာပါ။ပဲကြော်ဖိုကနေ ပဲဖူးကြော်၊ နှစ်ပြန်ကြော်၊ ပဲခြမ်းကြော်စတဲ့ ပဲကြော်တွေကို အမျိုးအစားခွဲ ရောင်းချကြတာဖြစ်ပါတယ်။

မကွေးမြို့ကထုတ်လုပ်တဲ့ ပဲကြော်တွေကို မကွေးမြို့တွင်းသာမကတိုင်းဒေသကြီးအတွင်းရှိ မြို့တွေ၊ တခြားတိုင်းဒေသကြီးနဲ့ပြည်နယ်တွေကိုလည်း တင်ပို့ရောင်းချနေကြတာဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မိုးအစေ့ထုတ်ပြောင်း စိုက်ပျိုးထားရှိမှု



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်သည် ဆည်ရေသောက်အသင့်အတင့်ရှိပြီး ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ကြက်သွန်နီများကို စိုက်ပျိုးလျက် ရှိရာ မိုးအစေ့ထုတ်ပြောင်းသီးနှံကိုလည်း စိုက်ပျိုးထားကြောင်း သိရသည်။

မြင်းခြံမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်၊ မိုးစေ့ထုတ်ပြောင်းစိုက်ဧကကို ၁၀၅ ဧကစိုက်ပျိုးထားကြောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးအစေ့ထုတ်ပြောင်းသီးနှံကို မေလနှင့်ဇွန်လတို့တွင် စတင်စိုက်ပျိုးပြီး၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းထွက်ပေါ်လေ့ရှိကြောင်း၊ စိုက်ပျိုးချိန်မှ လေးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိသော

ဧကများ ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယခင်နှစ်တစ်ဧကေ အထွက်နှုန်းအနေဖြင့် ၈၀ တင်းနှုန်းခန့်ထွက်ရှိကြောင်း၊ ထွက်ရှိသော အစေ့ထုတ်ပြောင်းများကို တောင်သူများက မြင်းခြံမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ မိုးကိုမျှော်ပြီး စိုက်ပျိုးရသောသီးနှံဖြစ်သောကြောင့် ရာသီဥတုကောင်းပါက ယခုနှစ်တွင် အထွက်နှုန်းပိုမိုထွက်ရှိနိုင်ကြောင်း၊ အစေ့ထုတ် ပြောင်းစိုက်တောင်သူတစ်ဦးထံက သိရသည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လပထမပတ် အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ၂၇,၃၆၀ ကျပ် ပေါက်ဈေးများရှိကြောင်း၊ ဈေးကွက် တင်ပို့မှုအနေဖြင့် ရန်ကုန်မြို့သို့တင်ပို့ကြောင်း မြင်းခြံကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

**Source : DOCA(**မန္တလေး)

https://www.doca.gov.mm/

## ယခုဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ် ၂၆ ခု ဝင်ရောက်



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ် ၂၆ ခု ဝင်ရောက်ထားပြီး ရင်း နှီးမြှုပ်နှံမှုပမာဏမှာ ၁၁၈ ဒသမ ၆၉၉ သန်းရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရပါတယ်။

အဆိုပါ ၂၆ ခုမှာ ကဏ္ဍ သုံးခုတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၂၄ ခုဖြင့်အများဆုံးဝင်ရောက်မြှုပ်နှံထားပြီးရေနံနှင့်သဘာဝဓာတ် ငွေ့ကဏ္ဍတွင် တစ်ခု၊ ဝန်ဆောင်မှုကဏ္ဍတွင် လုပ်ငန်းတစ်ခု ဝင်ရောက်ထားကြောင်း သိရပါတယ်။

ထိုရင်းနှီးမြှုပ်နှံမှုများတွင် ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၂၉၁ သန်းတန်ဖိုးမြှုပ်နှံထားပြီး ရှိရင်းစွဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၀၈ သန်းဖိုး ရှိခဲ့သည်။

ထိုသို့အသစ်ဝင်ရောက်မြှုပ်နှံကြသော ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၃ ခုအနက်မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂၆ ခုတွင် တရုတ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်းလည်း သိရပါတယ်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၅၂ ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံသည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၆၅၆ ဒသမ ၁၅ သန်းဖိုးရှိကြောင်းသိရပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုတွင်းလုပ်ငန်း၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအပါအဝင် ကဏ္ဍပေါင်း ၁၂ ခုရှိသည့်နက် ကဏ္ဍ ၉ ခုတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုမရှိသေးကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ငပုတောမြို့နယ်၌ ဒေသထွက်မျှင်ငါးပိများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၌ မျှင်ငါးပိများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန် နေကြောင်း ငပုတောမြို့နယ်မှ ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ငပုတောမြို့နယ်၌ ဩဂုတ်လဒုတိယပတ်မှစ၍ ဒေသထွက်မျှင်ငါးပိများ ဝယ်လိုအားကောင်းမွန်လာသဖြင့် အရောင်း အဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် မျှင်ငါးပိ ပိဿာ ၄၅၀၀ မှ ၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရ သည်။



“မှျင်ငါးပိတွေက ဒေသတွင်းမှာ အရောင်းအဝယ်ကောင်းနေတာပါ။ မှျင်ငါးပိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေက ဒေသထွက်မှျင်ငါးပိတွေကို မှာယူတဲ့ဒေသတွေအထိ ပို့ဆောင်ပေးတာပါ။ ဒေသထွက်မှျင်ငါးပိတွေက အရည်အသွေးကောင်းတော့ ဝယ်ယူမှုများတယ်။ အခုလို အရောင်းအဝယ်တွေကောင်းလာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ၊ ကုန်သည်တွေနဲ့ အလုပ် သမားတွေ အဆင်ပြေလာပါတယ်" ဟု ၎င်းကပြောသည်။

ငပုတောမြို့နယ်၌ ငါးပိရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်မှျင်ငါးပိများကို တခြားဒေသများသို့ စနစ်တကျထုပ်ပိုး၍ တင်ပို့ရောင်းချကြောင်း၊ အဆိုပါမှျင်ငါးပိများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများနှင့်လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဖိလစ်ပိုင်၏ ဆန်တင်သွင်းမှု တားမြစ်ချက်ကြောင့် ဗီယက်နမ်နှင့်ထိုင်း ဆန်တင်ပို့မှုများကို ထိခိုက်နိုင်




ဖိလစ်ပိုင်က ဆန်တင်သွင်းမှုများကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှအောက်တိုဘာ ၃၀ ရက်နေ့အထိ နှစ်လကြာရွှေ့ဆိုင်းမည့် ဆုံးဖြတ်ချက်အပေါ် တန်ပြန်ဆောင်ရွက်ရန် ဗီယက်နမ် စားသောက်ကုန်အသင်းမှ ဗီယက်နမ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တောင်းဆိုလိုက်ကြောင်း သိရသည်။

ရိတ်သိမ်းချိန်အတွင်း ဈေးပေါသောဆန်သွင်းကုန်များကြောင့် ကောက်ပဲသီးနှံဈေးနှုန်းကျဆင်းကာ ဖိလစ်ပိုင်လယ်သမားများ၏ နစ်နာမှုကို ကာကွယ်ရန် ယခုဆုံးဖြတ်ချက်သည် ဗီယက်နမ်နှင့် ထိုင်းတို့အား ကြီးမားသော သက်ရောက်မှုရှိကြောင်း၊ ဖိလစ်ပိုင်သည် ဗီယက်နမ်၏ အကြီးဆုံးဆန်ဝယ်လက်ဖြစ်ပြီး ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ဆန်တန်ချိန် ၂ ဒသမ ၄၄ သန်း (ဗီယက်နမ် စုစုပေါင်း ဆန်တင်ပို့မှု၏ ၄၄ ဒသမ ၃ ရာခိုင်နှုန်း) နှင့် ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ် စုစုပေါင်း ဆန်တင်ပို့မှု၏ ၄၆ ဒသမ ၇ ရာခိုင်နှုန်း ဝယ်ယူခဲ့ကြောင်း၊ ဖိလစ်ပိုင် ဆန်ထုတ်လုပ်မှုသည် ရေကြီးမှုနှင့်မုန်တိုင်းအန္တရာယ်များပေါ် မူတည်နေသောကြောင့် ယခုနှစ် အစောပိုင်းက နှစ်နိုင်ငံကြား ဆန်ရောင်းဝယ်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

ဖိလစ်ပိုင်အနေဖြင့် ဆန်ပေါများစွာ ထုတ်လုပ်နိုင်သည့်ကာလကျမှ ယခုကဲ့သို့ ဆန်တင်သွင်းမှု ရွှေ့ဆိုင်းခြင်းသည် ဗီယက်နမ်ဆန်ပို့ကုန်ဈေးအပေါ် ဖိအားများဖြစ်စေကြောင်း ဗီယက်နမ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မနီလာအခြေစိုက် ထိုင်းစီးပွားရေးသံရုံး၏ အဆိုအရ တင်သွင်းမှု ဆိုင်းငံ့ထားသော ဆန်အမျိုးအစားထဲတွင် ရိုးရိုးကြိတ်ခွဲဆန်နှင့် အထူးကြိတ်ခွဲဆန်များသာ ပါဝင်ပြီး ဘာစမာတီဆန်နှင့် အခြား အထူးဆန်အမျိုးအစားများ မပါကြောင်း၊ ဖိလစ်ပိုင်၏ ဆန်တင်သွင်းမှုတားမြစ်ချက်ကြောင့် နစ်နာသွားသော ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအတွက် ဈေးကွက်အသစ်များ ရှာဖွေနေကြောင်းသိရသည်။

လေ့လာသူများက ဆန်သွင်းကုန်လျှော့ချမှုကြောင့်ဖိလစ်ပိုင်ပြည်တွင်း ကောက်ပဲသီးနှံဈေးတက်ကာ လက်လီဆန်ဈေးနှုန်းများလည်း တစ်ကီလိုဂရမ်လျှင် ၁ ပီဆို မှ ၂ ပီဆို ကြား တက်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းစီးပွား/ကူးသန်းဝန်ကြီးဌာန၊နိုင်ငံခြားကုန်သွယ်မှုဌာန၏ညွှန်ကြားရေးမှူးချုပ်က ဖိလစ်ပိုင်၏ ဆန်တင်သွင်းမှု ရွှေ့ဆိုင်းရန် ဆုံးဖြတ်ချက်ကြောင့် ထိုင်းဆန်တင်ပို့မှုကို ထိခိုက်ခဲ့ကြောင်းကို လုပ်ငန်းရှင်များက အစီရင်ခံတင်ပြခဲ့ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်လုပ်ငန်းရှင်များက စက်တင်ဘာလ ၁ ရက်နေ့မတိုင်မီ တင်ပို့နိုင်ခြင်းမရှိသော ဆန်အမှာစာများရှိသည့် အခြားနိုင်ငံများလည်း အကျိုးသက်ရောက်မည်ဖြစ်ကြောင်း၊ စာချုပ်ချုပ်ခဲ့သော ပမာဏအတိုင်း ဆန်တင်ပို့ခွင့် သို့မဟုတ် ယခုပိတ်ပင်မှုကို ဖယ်ရှားပေးရန် သက်ဆိုင်ရာအာဏာပိုင်များထံ တင်ပြနိုင်ရေး ဆွေးနွေးနေကြောင်း သိရသည်။

ထိုင်း၊ နိုင်ငံခြားကုန်သွယ်ရေးဌာနသည် ထိုင်းဆန်တင်ပို့မှုများကို ပံ့ပိုးရန်၊ ပြည်တွင်း ဆန်ထုတ်လုပ်မှုအတွက် အမှာစာများ ရရှိရန်နှင့် လယ်သမားများ ဝင်ငွေများရရှိရန် နည်းလမ်းများ ရှာဖွေနေပြီး ဈေးကွက်အသစ်ရှာဖွေခြင်းနှင့် ကုန်သွယ်ဆက်ဆံမှုတိုးမြှင့်ခြင်းမှတစ်ဆင့် ထိုင်းပို့ကုန်များ တိုးမြှင့်ရန် ဆောင်ရွက်နေသည်။ အဓိကနည်းလမ်းများတွင် အစိုးရအချင်းချင်း (G2G) ဆန်ရောင်းဝယ်ရေး သဘောတူညီချက်များ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း (ဥပမာ တရုတ်အစိုးရပိုင်အစားအသောက်နှင့် စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းအဖွဲ့ (COFCO) နှင့်စာချုပ်အရတင်ပို့ကျန်ရှိနေသည့် ဆန် တန်ချိန် ၂၈၀,၀၀၀ အားတင်ပို့ခြင်း)၊ ဆန်ဖြူနှင့် ပြုတ်ဆန်ဝယ်လိုအားများသော ဘင်္ဂလားဒေ့ရှ်၊ ဆော်ဒီအာရေဗျနှင့် အီရတ်တို့အား တိုးမြှင့်တင်ပို့ခြင်း၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်မှ ၁၁ ရက်အတွင်း ဂျပန်သို့ ကုန်သွယ်ရေးအဖွဲ့များစေလွှတ်ခြင်း၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဟောင်ကောင် ဆန်တင်သွင်းသူများအား ထိုင်းသို့ဖိတ်ခေါ်ခြင်း၊ ထိုင်းဆန်အမှတ်တံဆိပ်များကို နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်း၊ ထိုင်းဆန်စပါးညီလာခံကို ကျင်းပခြင်းတို့လည်း ပါဝင်သည်။

ထိုင်းနိုင်ငံသည် ဖိလစ်ပိုင်သို့ ၂၀၂၄ ခုနှစ်အတွင်း ဆန် အမေရိကန်ဒေါ်လာ ၃၃၃ သန်း တန်ဖိုး တင်ပို့ခဲ့ပြီး၊ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက် (ဇန်နဝါရီလ မှ ဇွန်လ) အတွင်း ဆန်တန်ချိန် ၁၄၁,၀၀၀ ခန့် (စုစုပေါင်းဆန်တင်ပို့မှု၏ ၃ ဒသမ ၇၈ ရာခိုင်နှုန်း) တင်ပို့ခဲ့ကာ ယခုနှစ်တွင် ထိုင်းဆန်တင်ပို့မှု စုစုပေါင်းတန်ချိန် ၇ ဒသမ ၅ သန်းအထိ ရောက်ရှိမည်ဟု မျှော်မှန်းထားကြောင်း ထိုင်း၊ နိုင်ငံခြားကုန်သွယ်ရေးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

**Source :** https://www.thestar.com / https://sme.asia

https://commerce.gov.mm/

## တရုတ်နိုင်ငံက ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့်ဒေသပေါင်း ၁၅၇ ခု၏ ထိပ်တန်းကုန်သွယ်ဖက်သုံးနိုင်ငံစာရင်း တွင်ပါဝင်လာ



တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝှမ်းတွင်ရှိသော နိုင်ငံနှင့်ဒေသ စုစုပေါင်း ၁၅၇ ခု၏ ထိပ်တန်းကုန်သွယ်ဖက်သုံးနိုင်ငံစာရင်း၌ ပါဝင်လာကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် တရုတ်နိုင်ငံသည်ကမ္ဘာ့ကုန်သွယ်ရေးတွင် အဓိကကျသော အခန်းကဏ္ဍမှနေ၍ ခိုင်မာစွာဆက်လက် ဦးဆောင်လျက်ရှိကြောင်း အကောက်ခွန်အဖွဲ့ခေါင်းဆောင် ဆွန်မေ့ဂျွန်က ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံ၏ ၁၄ ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလတွင် ပြည်ပနှင့်ကုန်သွယ်မှုပြုရာ၌ မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်မှုရရှိသည်သာမက အရည်အသွေးမြင့်မားသော ဖွံ့ဖြိုးတိုးတက်မှုပါ ရရှိထားကြောင်း ဆွန်မေ့ဂျွန်က ဩဂုတ်လ ၂၅ ရက်တွင်လုပ်သော သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံက ခါးပတ်ကွင်းနှင့်လမ်းကြောင်းမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် ယွမ် ၂၂ ထရီလီယံအထိရရှိကြောင်း၊ ယင်းပမာဏသည်နိုင်ငံ၏ပို့ကုန်၊ သွင်းကုန်ပမာဏစုစုပေါင်း၏ ထက်ဝက်ကျော်ရှိကြောင်း၊ အာဆီယံအဖွဲ့ကဲ့သို့ ဖွံ့ဖြိုးဆဲစီးပွားရေးနိုင်ငံများနှင့်ကုန်သွယ်မှုသည်လည်း နှစ်စဉ် ၁၀ ရာခိုင်နှုန်းကျော်တိုးတက်လာလျက်ရှိကြောင်း ဆွန်မေ့ဂျွန်က ဆက်ပြောသည်။

တရုတ်နိုင်ငံကတင်ပို့သည့်ကုန်ပစ္စည်းများတွင် ပင်မပို့ကုန်အမည်သစ်သုံးမျိုးဖြစ်သော လျှပ်စစ်စွမ်းအင်သုံးယာဉ်များ၊ လီသီယံဘက်ထရီများနှင့် ဆိုလာပြားများတင်ပို့မှုက ၂ ဒသမ ၆ ဆမြင့်မားလာသည်ကို မြင်တွေ့ရကြောင်း၊ ဆက်လက်၍လည်း တရုတ်နိုင်ငံသည် ကမ္ဘာကြီးအတွက် တံခါးများကို ဖွင့်ထားဆဲဖြစ်ကြောင်း ၎င်းကဆိုသည်။ သွင်းကုန်ကဏ္ဍတွင်မူ တရုတ်နိုင်ငံက နိုင်ငံနှင့်ဒေသပေါင်း ၈၁ ခုမှ စိုက်ပျိုးရေးနှင့်စားသောက်ကုန်အမည်ပေါင်း ၂၇၁ မျိုးကို တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်းဝင်ရောက်ခွင့်ပြုထားကြောင်း၊ယခုရရှိသောအောင်မြင်မှုများသည် စီးပွားရေးနှင့်ပတ်သက်၍တရုတ်နိုင်ငံ၏ကတိပြုမှုကို ဖော်ညွှန်းနေခြင်းဖြစ်ကြောင်း သိရသည်။

**Source : CGTN**

https://www.myawady.net.mm/

## ထိုင်းနိုင်ငံတွင် နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှု ၆ ဒသမ ၅၆ ရာခိုင်နှုန်းကျဆင်း




ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားခရီးသွား ဝင်ရောက်မှုသည် ဇန်နဝါရီလ ၁ရက်နေ့မှ ဩဂုတ်လ ၃ရက်နေ့အတွင်း ယခင်နှစ်အလားတူကာလထက် ၆ ဒသမ၅၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ခရီးသွားနှင့် အားကစားဝန်ကြီးဌာနက ၅.၈.၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီ ၁ ရက် မှ ဩဂုတ် ၃ ရက်အတွင်း နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုမှာ ၁၉ ဒသမ ၅၇ မီလီယံရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီး တရုတ်နိုင်ငံသည် ခရီးသွား ၂ ဒသမ၇၃ မီလီယံဖြင့် အကြီးဆုံးဈေးကွက်အရင်းအမြစ် ဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်က ဘဏ္ဍာရေးဝန်ကြီးဌာနသည် ခရီးသွားဝင်ရောက်မှု ခန့်မှန်းချက်ကို ၃၆ ဒသမ ၅ မီလီယံမှ ၃၄ ဒသမ၅ မီလီယံသို့ လျှော့ချခဲ့သည်။ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကာလက ခရီးသွားဧည့်သည် ၄၀ မီလီယံ ဝင်ရောက်ခဲ့သည်။

ထိုင်းနိုင်ငံ၏ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုမှာ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၂၉ ရက်နေ့ အတွင်း ယခင်နှစ် အလားတူကာလထက် ၄ ဒသမ ၅၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့(TAT) က အရှေ့အလယ်ပိုင်းနှင့်အာဖရိကဈေးကွက်ရှိ ခရီးသွား ၁ မီလီယံ လျော့ထားခြင်းသည် ပထဝီနိုင်ငံရေးအခြေအနေများကြောင့် စိန်ခေါ်မှုများရှိနေကြောင်း ထုတ်ပြန်ထားသည်။

**Source: Xinhua**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (27.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th Aug. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,255 (Shares) | 16,998,400 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,100 | 7,200 | 7,100 | 714 | 5,069,900 | 33,109,694 | 238,390 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 387 | 1,219,050 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 4 | 29,600 | 10,400,986 | 76,967 |
| FPB | 00004 | 1,900 | -100 | -5.00% | 1,950 | 2,000 | 1,900 | 805 | 1,536,200 | 29,664,613 | 56,363 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1,000 | 2,600,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,900 | +100 | +5.56% | 1,750 | 1,900 | 1,750 | 3,210 | 6,081,150 | 19,977,223 | 37,957 |
| AMATA | 00007 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,400 | 115 | 396,500 | 10,497,598 | 36,217 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 20 | 66,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 27th Aug. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 360.74 | -0.51 | -0.14% | 359.50 | 360.74 | 357.11 | 6,255 | 16,998,400 | 8 | 680,417 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 6,255 (Shares) | 16,998,400 (MMK) |

## Main Board

As of 1:00 pm, 27th Aug. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,255 (Shares) | 16,998,400 (MMK) |

| MYANPIX | 360.74 ▼ 0.51 |
|---|---|
| Total Volume (shares) | 6,255 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 680,417 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 100 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,900 | ▲ 100 |
| AMATA | 00007 | 3,450 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |